

(စာစဉ် -၁၈)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန် Miracle Phyu

# အခန်း ( ၃၇၆ )
# သူက စာအုပ်ထဲမှာထက်တောင် အပြင်မှာ ပိုချောသည်။ ( ၂ )

*

နောက်ဆုံးတော့ ကျန်းသဲ့ရှန်းသည် လူတိုင်းရဲ့ မျှော်လင့်စောင့်စားနေသော အကြည့်များအောက်မှာ ပေါ်လာခဲ့သည်။ သူက သက်သောင့်သက်သာရှိသည့် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားကာ အေးစက်သော အကြည့်က သူ့ကို အထက်တန်းကျသော ပုံစံ ဖြစ်လာစေသည်။ Pants တွေထဲမှ သူ့ခြေထောက်များက " အသက်ရှူမှားစေသော နတ်သားခြေထောက်များ " ဟူသော ဆိုရိုးစကားကို ကောင်းကောင်း ထင်ရှားပေါ်လွင်စေခဲ့သည်။

သူ့ရဲ့ချောမောသော မျက်နှာကြောင့် အခြား လူများ နှစ်ခါ လည်ပြန်ငေးမိသွားကြသည်။ ရုတ်တရက်ပဲ ကင်မရာ မီးရောင်များ ပိုလို့ တဖျတ်ဖျတ် လက်လာခဲ့သည်။

လူ များစွာက ဥက္ကဋ္ဌကို အသက် လေးဆယ်ကျော် အမျိုးသား တစ်ယောက်ဟုသာ ထင်ထားခဲ့ကြတာ ဖြစ်သည်။ မမျှော်လင့်ထားဘဲ ငယ်ရွယ်ချောမောသော ဥက္ကဋ္ဌ တစ်ယောက် ရောက်လာခြင်းက အာရုံစိုက်မှုများကို သိမ်းကျုံးယူလိုက်သည်။ ဒါက ဒီနေ့ရဲ့ ထိပ်တန်း ရေပန်းစားမှု စာရင်းထဲကို ဝင်သွားမှာ သေချာတယ်။

သတင်းထောက် များစွာသည် နားမလည်နိုင်ဖြစ်သွားကြသည်။ သူ ဒီ

လောက်တောင် ချောရက်သားနဲ့ ဘာကြောင့် သူ ဘယ်သူလဲ ဆိုတာကို လျှို့ဝှက်ထားချင်ရတာလဲ။ သူ့ရည်ရွယ်ချက်ကရော လျှို့ဝှက်ထားချင်ရုံ တစ်ခုတည်း အတွက်ပဲလား။

ကျန်းသဲ့ရှန်းက စင်မြင့်ပေါ် လျှောက်သွားလိုက်သည်။ သူ့ရဲ့ တည်ကြည်သော အသံက ပွဲကျင်းပရာ နေရာ၌ ထင်ရှားစွာ ထွက်ပေါ်လာသည်။ " ကျွန်တော် ကျန်းသဲ့ရှန်းပါ။ ခင်ဗျားတို့ အားလုံး ဒီနေ့ သတင်းစာရှင်းလင်းပွဲမှာ အခုလို ရှိနေပေးတဲ့ အတွက် ကျွန်တော် ဝမ်းသာမိပါတယ်။ "

လူတိုင်းက သူ့ကို မျက်တောင် မခတ်တမ်း ကြည့်နေခဲ့ကြသည်။ လက်ရှိ အချိန်မှာ သူက တကယ့်ကို ဒီနေ့ရဲ့ အဓိက ဇာတ်ကောင်ပါပဲ။

သတင်းထောက်များကို အလွယ်တကူ ကိုင်တွယ်နေသော သူ့ကို ကြည့်ကာ ဖန့်ကျွင်းရုံ၏ နှုတ်ခမ်းများ အပေါ်သို့ ကွေးတက်သွားကြသည်။

သတင်းထောက်များက သူ့ရဲ့ ကိုယ်ပိုင်ဘဝ အကြောင်း ပိုသိချင်ကြသော်လည်း သူကတော့ အကြောင်းအရာကို သဘာဝကျကျ ပြောင်းလဲနိုင်ခဲ့သည်။ သူ့နံဘေးမှာ အမြဲတမ်း ရှိနေခဲ့တဲ့ အမျိုးသား ( ထန်ယွိ ) ဟာ ကမ္ဘာကြီးကို သူ့ရဲ့ လိမ္မာပါးနပ်မှုအား အရင် ပြသသွားခဲ့သည်။ ဒီတစ်ခေါက်ကတော့ သူ ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းရမယ့် အလှည့်ပါ။

" သူ အရမ်း ချောတာပဲ။ " ဟု တအံ့တဩ စကားသံကို ကြားသောအခါ ဖန့်ကျွင်းရုံ လှည့်ကြည့်လိုက်မိသည်။

စင်မြင့်ကို ငေးကြည့်ကာ အံ့ဩနေသော လျန့်အန်းချီကို ဖန့်ကျွင်းရုံ တွေ့လိုက်ရသည်။ သူမ ပါးစပ် အဟောင်းသား ဖြစ်နေပုံမှာ ကြက်ဥ တစ်လုံးကို တောင် ထိုးထည့်လို့ ရလောက်သည်။

" သူက စာအုပ်ထဲမှာထက်တောင် အပြင်မှာ ပိုချောတယ်။ "

စာအုပ်ထဲမှာ ......။

သူမ ထိုစကားလုံးကို နားနဲ့ဆတ်ဆတ် ကြားလိုက်ရ၍ လျှန့်အန်းချီကို အပြုံးလေးနဲ့ မေးလိုက်သည်။ " ဘာစာအုပ်လဲ။ "

နယ်မြေထဲကို သူမ ပထမဆုံးအကြိမ် ဝင်တုန်းက တွေ့ခဲ့ရသော ကျန်းယာ့ကော အကြောင်း ရေးထားတဲ့ စာအုပ်ကို ပြန်သတိမရဘဲ မနေနိုင်ပေ။

ပထမတော့ လျှန့်အန်းချီလည်း ထိုစာအုပ်ကို ဖတ်ထားတာလားဟု သူမ တွေးခဲ့မိသည်။ သို့သော် သူမ၏ ထင်မြင်ချက်က ကြာကြာမခံလိုက်ဘဲ တစ်ဝက်တစ်ပျက် ရပ်တန့်သွားသည်။

ကျန်းယာ့ကော အကြောင်း ရေးထားတဲ့ စာအုပ်ထဲမှာ သူမနဲ့ လီရှစ်ကျီတို့ဟာ အတားအဆီးတွေ အကုန်လုံးကို ဘယ်လို ကျော်လွှားခဲ့တယ် ဆိုတာနဲ့ သူတို့ကို တိုက်ခိုက်လာတဲ့ ယောကျ်ား မိန်းမ,မရွေး အနှောင့်အယှက်မှန်သမျှကို အနိုင်ယူပြီး အဆုံးသတ်မှာ နှစ်ယောက်သား ပေါင်းဖက်သွားကြလေသတည်း ဆိုတာပဲ ရေးထားသည်။

စာအုပ်ထဲမှာ ကျန်းသဲ့ရှန်း အကြောင်း လုံးဝ ရေးမထားပါ။ သူမ ကိုယ်တိုင်တောင် ကျန်းသဲ့ရှန်း ရှိနေမှန်း ကြိုမသိခဲ့ပါဘူး။

လျှန့်အန်းချီသည် အသိပြန်ဝင်လာပြီး နောင်တရသွားပုံ ပေါ်သည်။ သူမ စကားမှားသွားကြောင်းလည်း နားလည်သွားပုံရကာ သိမ်မွေ့သော အပြုံးလေးကို ဖန်တီးယူရင်း ပြောလိုက်သည်။ " အဲဒါက အရင်တုန်းက အွန်လိုင်းပေါ်မှာ သမီး ဖတ်ခဲ့ဖူးတဲ့ Fanfic တစ်ပိုဒ်ပါ၊ အဲ့ထဲမှာ ဘောစ့်ကျန်းကို အမျိုးသား ဇာတ်လိုက်အဖြစ် အသုံးပြုထားတာလေ။ အဲဒီအချိန်ကတည်းက ဘောစ့်ကျန်းကို သမီး အမြဲ မြင်ဖူးချင်ခဲ့တာ၊ အဲဒါကြောင့်ပဲ သမီးရဲ့ အဒေါ်ကို ဒီနေ့ သူမနဲ့ အတူ သမီးကို ခေါ်သွားပေးဖို့ တောင်းဆိုခဲ့တာပါ။ "

သူမနဲ့ လျှန့်အန်းချီရဲ့ စကားဝိုင်းကို ကြားလျှင် လျှန့်ဖုန်းရဲ့ မျက်နှာပေါ်မှာ သူမ တူမလေးကို တုန်နေအောင် ချစ်သော အကြည့်လေး ပေါ်လာခဲ့သည်။ " ဒီကလေးက အဲ့လိုပဲ။ သိပ်ဖြူစင်တာ။ အွန်လိုင်းပေါ်မှာ ဖတ်ခဲ့တာတွေကို တောင်မှ သူမက ယုံနေတယ်။ "

ဖန့်ကျွင်းရုံကတော့ လျှန့်အန်းချီ ပြောသမျှ စကားတွေကို တစ်ခွန်းမှ အယုံအကြည် မရှိမိပေ။ အဲဒီလို ပေါက်ကရ စကားတွေက မိသားစုဝင် လူကြီးတွေကို အရူးလုပ်ဖို့ပဲ လုံလောက်ကာ သူမ အတွက်တော့ အလိမ်အညာမှန်း သိသာနေသည်။ ပြီးခဲ့တဲ့ နှစ်မှာ ကျန်းသဲ့ရှန်းက သူ့မျက်နှာကို ဘယ်တော့မှ ထုတ်မပြခဲ့သဖြင့် မနာလိုသူတွေ ဖြန့်ထားသော အွန်လိုင်းပေါ်က စကားများဟာ များသောအားဖြင့် သူ အသက်ကြီးပြီး ရုပ်ဆိုးတယ် ဆိုတဲ့ အကြောင်းတွေပဲ ဖြစ်သည်။ သူ့ကို အမျိုးသား ဇာတ်လိုက် အဖြစ် ရေးထားတဲ့ စာအုပ် တစ်အုပ်မှ ရှိမှာ မဟုတ်ပေ။

သူမ စိတ်ဝင်တစား မေးလိုက်သည်။ " ဘာစာအုပ်လဲ။ အန်တီလည်း အဲ့စာအုပ်ကို ဖတ်ချင်တယ်။ ဘယ်စာရေးဆရာမှာ အနာဂတ်ကို ကြိုမြင်တဲ့ အစွမ်းတွေ ရှိနေတာလဲလို့ အန်တီ သိချင်လိုက်တာ။ "

လျှန့်အန်းချီထံမှ ' အိုး ' ခနဲ အသံ ထွက်လာကာ ပြန်ပြောသည်။ " သမီး ဘယ်လိုမှ မမှတ်မိတော့ဘူး။ ပြီးတော့ Link ကိုလည်း သိမ်းမထားမိဘူး။ သမီး ပြန်မှတ်မိရင် အန်တီဖန့်ကို သေချာပေါက် အသိပေးပါ့မယ်။ "

ဖန့်ကျွင်းရုံ ပြုံးလိုက်ပြီး လျှန့်အန်းချီနဲ့ စကား ဆက်မပြောတော့ဘဲ ကျန်းသဲ့ရှန်း ရှိရာဆီ လှမ်းကြည့်လိုက်သည်။

ကျန်းသဲ့ရှန်းက ရှေ့လထဲမှာ ထုတ်လွှင့်တော့မည့် ဆော့ဖ်ဝဲ အသစ် တစ်ခု အကြောင်း အများဆုံး ပြောပြနေခဲ့သည်။ လတ်တလောမှာ သူတို့အတွက် အကျိုးအမြတ်အရဆုံး ဌာနသည် ဂိမ်းဌာန ဖြစ်နေသော်လည်း သူတို့ရဲ့

အခိက အာရုံစိုက်မှုသည် ဆောဖ်ဝဲတီထွင်မှု ဖြစ်နေဆဲပင်။ သူက သူတို့ရဲ့ ဆောဖ်ဝဲ အသစ် အကြောင်း အဆက်အစပ်မိမိ ပြည့်ပြည့်စုံစုံ ပြောသွားပြီး IPO သတင်းစာရှင်းလင်းပွဲအား ထုတ်ကုန်သစ် သတင်းစာရှင်းလင်းပွဲ အဖြစ် အသွင်ပြောင်းလဲခဲ့သည်။

ဖန့်ကျွင်းရုံ မပြုံးမိဘဲ မနေနိုင်ပါဘူး။ တကယ်တော့ သူ ပြောသွားတဲ့ အကြောင်းအရာ အများစုကို သူမ နားမလည်ပေ။ ဒါပေမဲ့ သူမက အခိက အားဖြင့် ယဉ်ကျေးမှု တစ်ခုအနေနဲ့ သူ မိနစ်ခွန်း ပြောနေစဉ် အတောအတွင်း သတိ တစ်ချက် မလွှတ်ဘဲ အာရုံစိုက် နားထောင်ပေးခဲ့ပါသည်။

***

## အခန်း ( ၃၇၇ )
## သူက စာအုပ်ထဲမှာထက်တောင် အပြင်မှာ ပိုချောသည်။ ( ၃ )

*

ကျန်းသဲ့ရှန်း၏ မိန်းခွန်းက အရမ်း မကြာလိုက်ဘဲ ခဏ အကြာမှာ ပြီးဆုံးသွားသည်။ ကျန်းသဲ့ရှန်းက ထန်ယွိကို ခပ်သာသာ ခေါင်းညိတ်ပြလိုက်ပြီး သူ့အား တာဝန် ပြန်လွှဲပေးလိုက်သည်။

စိုက်ကြည့်နေသော မျက်လုံးများအောက်မှာ သူ စင်မြင့်ပေါ်ကနေ ဆင်းလာပြီး ဖန့်ကျွင်းရုံဆီ လျှောက်လာခဲ့လိုက်ပါသည်။ သူ့ရဲ့ အနည်းငယ် အေးစက်နေသော မျက်လုံးများနဲ့ တွန့်ချိုးထားသော မျက်ခုံးများ ပြေလျှော့သွားကာ မေးလိုက်သည်။ " မင်းသာ ကျွန်တော်နဲ့ အတူ နေ့လယ်စာ လိုက်စားပေးရင် အရမ်း ပျော်မိမှာပါ။ ကျွန်တော့်ကို ပျော်ခွင့် ပေးနိုင်မလားဟင်။ "

ဒီအမျိုးသားက ...... လူမြင်ကွင်းမှာ စိတ်လှုပ်ရှားစရာတွေ ဖန်တီးရတာကို တကယ် သဘောကျတာပဲ။

ဖန့်ကျွင်းရုံလည်း လူမြင်ကွင်းမှာ စိတ်လှုပ်ရှားစရာတွေ ဖန်တီးရတာကို အလွန် သဘောကျပါသည်။

သူမ အနည်းငယ် တုံ့ဆိုင်းနေခဲ့သည်။ အစပိုင်းမှာ တည်ငြိမ်လွန်းနေသော ကျန်းသဲ့ရှန်းသည် အချိန် တရွေ့ရွေ့ ကုန်ဆုံးလာသည်နဲ့အမျှ စိုးရိမ်လာမိသည်။ ဒါက သူ တွေ့ကြုံဖူးသမျှထဲမှာ အကြာဆုံး စောင့်ဆိုင်းရခြင်း ဖြစ်နိုင်သည်။

ပတ်ဝန်းကျင်၏ သက်ရောက်မှုကြောင့် အခြား လူများလည်း တိတ်ဆိတ်စွာ စောင့်ဆိုင်းနေခဲ့ကြသည်။ သူတို့ မျက်လုံးတွေထဲမှာတော့ အတင်းအဖျင်း ပြောချင်သော အရိပ်အယောင်တွေ ရှိနေသည်။

နောက်ဆုံးတော့ ဖန့်ကျွင်းရုံက အနည်းငယ် ခေါင်းညိတ်လိုက်သည်။ " ကောင်းပြီ။ "

ရိုးရှင်းသော ထိုစကားလုံး နှစ်လုံးကပင် ကျန်းသဲ့ရှန်း၏ မျက်လုံး၊ မျက်ခုံးများကို ရုတ်တရက် ပြေလျှော့သွားစေလေသည်။ မျက်စိကန်းနေတာ မဟုတ်တဲ့ ဘယ်သူမဆို သူ့ပျော်ရွှင်မှုကို မြင်နိုင်သည်။

စိတ်လှုပ်ရှားနေသော လျန့်အန်းချီက ရုတ်တရက် ဝင်ပြောလိုက်သည်။ " ကျွန်မလည်း လိုက်လို့ ရမလား။ " သူမက ထပ်ဖြည့်ပြောသည်။ " ကျွန်မ အန်တီဖန့်ကို တကယ် သဘောကျလို့ သူမနဲ့ အတူ အချိန်တွေ ပိုကုန်ဆုံးချင်လို့ပါ။ "

ကျန်းသဲ့ရှန်း၏ မျက်နှာပေါ်က အပြုံးလေး မှေးမှိန်သွားသည်။ " မရဘူး။ "

ဖန့်ကျွင်းရုံလည်း ထိုကောင်မလေးရဲ့ အတွေးတွေကို နားလည်လိုက်သည်။ သူမကို ဆင်ခြေ အဖြစ် လာအသုံးချနေတာ မကြိုက်၍ တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ " အန်တီ့ကိုယ်အန်တီ အဲ့လောက် နာမည်ကြီးတယ်လို့ မထင်ဘူး။ နောက်တစ်ခေါက်မှ စားကြတာပေ့ါ။ အန်တီ နောက်တစ်ခေါက် အားတဲ့အခါ မင်းနဲ့ အတူ နေ့လယ်စာ စားပေးပ့ါမယ်။ "

လျန့်အန်းချီကို ထပ်မကြည့်ဘဲ သူတို့ နှစ်ယောက် ထွက်ခွာလာခဲ့ကြသည်။

သူတို့ နှစ်ယောက် ထွက်သွားချိန်မှာ တိတ်ဆိတ်နေခဲ့သော ပွဲကျင်းပရာ နေရာသည် နောက်တစ်ကြိမ် လှုပ်လှုပ်ရှရှ ပြန်ဖြစ်လာသည်။

" အဲ့နှစ်ယောက်ကြားမှာ တစ်ခုခု ရှိနေတာလား။ "

" နပြောလိုက်တာ။ ငါ ခုနတုန်းက ဓာတ်ပုံ ရိုက်ဖို့ မေ့သွားတယ်။ ဓာတ်ပုံသာ ရိုက်ထားလိုက်ရရင် အဲဒါက တကယ့်ကို သတင်းကောင်း တစ်ပုဒ် ဖြစ်လာမှာ။ "

" ကျန်းသဲ့ရှန်းက ဘယ်လို လူမျိုးပါလိမ့်။ သူ့အသက်အရွယ်နဲ့ ဘယ်လိုလုပ် ဒီလို အောင်မြင်မှုမျိုးတွေကို လူမသိသူမသိ ပိုင်ဆိုင်ထားရတာလဲ။ "

သတင်းထောက်များသည် ကျန်းသဲ့ရှန်း အကြောင်း ဘာမှ မသိကြပေ။ သူ့ အသက်အရွယ်နဲ့ ချောမောသော ရုပ်ရည်ကြောင့် သူ့အား မိဘ ချမ်းသာ၍ သူပါ ချမ်းသာသော ဒုတိယမျိုးဆက် သခင်လေး တစ်ယောက်ဟုသာ အလိုလို ခေါင်းစဉ်တပ်လိုက်တော့သည်။

သူတို့ထဲက တစ်ယောက်မှ ကျန်းသဲ့ရှန်းဟာ သူတို့ရဲ့ လယ်ဗယ်ထိ မြင့်တက်လာလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ပါဘူး။

ထိုအရာက သူတို့ကို မပျော်မရွှင် ဖြစ်စေသည်။ အထူးသဖြင့် သတင်းထောက်များက ကျန်းသဲ့ရှန်းဟာ ဘယ်လောက် ငယ်ရွယ်ချောမော ကြောင်း ထပ်တလဲလဲ ပြောနေကြချိန်မှာ သူတို့ကို တိုက်ရိုက် မရည်ရွယ်ပေမယ့် အသက်ကြီးနေပြီဟု အစော်ကားခံလိုက်ရသလို ခံစားရသည်။

သို့သော် သူတို့ ဒီနေ့ လာခဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ကျန်းသဲ့ရှန်း၏ ရှယ်ယာတွေကို ဝယ်ယူဖို့ပင်။ သူတို့ လက်ဗလာနဲ့ ဒီတိုင်း ပြန်မသွားနိုင်ပါဘူး။

လျန့်အန်းချီကို ဘယ်သူမှ လုံးဝ ဂရုမစိုက်ကြပါ။ သူတို့ရဲ့ အကျိုးအမြတ်တွေက အရေးမပါတဲ့ အချစ်ဇာတ်လမ်းတွေထက် အများကြီး ပိုအရေးကြီးသည်။

လျှန့်အန်းချီသည် စိတ်ကသိကအောက် ဖြစ်သွားမိသည်။ လူကြားထဲမှာ အရှက်ခွဲခံလိုက်ရသလို ခံစားနေရပြီး အဲဒါက အလွန် ဆိုးရွားသည်။ ကျန်းသဲ့ရှန်း သူမကို လူကြားထဲမှာ သူ့စိတ်ထဲက အတိုင်း တည့်တိုးကြီး ပြောချသွားလိမ့်မည်ဟု ထင်မထားခဲ့ပေ။ ချစ်စရာ ကောင်းတဲ့ မိန်းကလေး တစ်ယောက်ကို သူ လုံးဝ သနားကြင်နာမှု မရှိဘူးလား။ ဝတ္ထုထဲမှာတော့ သူက ဒီလို အေးစက်တဲ့ လူမျိုး မဟုတ်ပေ။

သူမ တစ်ယောက်တည်း တွေဝေနေစဉ်မှာ လျှန့်ဖုန်းကတော့ စိတ်ပျက်နေခဲ့သည်။ သူမရဲ့ တူမလေးဟာ ခါတိုင်းလို ဖြူစင်ကာ ချစ်စရာကောင်းသော ပုံစံ မဟုတ်ဘဲ ဒီနေ့မှ ထူးထူးဆန်းဆန်းတွေ ပြုမူနေခဲ့သည်။

" အိမ်ပြန်ကြရအောင် အန်းချီ။ "

လျှန့်အန်းချီက သူမရဲ့ အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ " ဟင့်အင်း။ ရှယ်ယာတွေ ဝယ်ပြီးမှ ပြန်ကြရအောင်ပါ တီလေးရယ်။ "

သူမမှာ ရှိသမျှ ပိုက်ဆံတွေ အကုန်လုံးကို ယူလာခဲ့တာမို့ သူမက ဘယ်နည်းနဲ့မဆို ချီရှင်းရဲ့ အဓိက ရှယ်ယာရှင်တွေထဲက တစ်ယောက် ဖြစ်လာလိမ့်မည်။ အဲ့လိုနဲ့ သူမနဲ့ ကျန်းသဲ့ရှန်းနဲ့ တွေ့ဖို့ အခွင့်အရေးတွေ ပိုရလာလိမ့်မည်။

သူမက ၁၈ နှစ်ပဲ ရှိသေးကာ ဖန့်ကျွင်းရုံကတော့ အိုမင်းရင့်ရော်နေပြီဖြစ်သည်။ သာမန် အသိဉာဏ် ရှိတဲ့ ဘယ်သူမဆို ဘယ်တစ်ယောက်ကို ရွေးချယ်ရမလဲ ဆိုတာ သိလိမ့်မယ်။

သူမ အလွန် စိတ်အားတက်ကြွသွားမိသည်။ ဒါက အစပိုင်းမှာ ကောင်လေးက ကောင်မလေးကို ခါးခါးသီးသီး ပစ်ပယ်နေခဲ့သော်လည်း နောက်ပိုင်းမှာ သူ့အမှားတွေကို နောင်တရသွားပြီး သူမရဲ့ အချစ်ကို ရဖို့အတွက် ဘာမဆို ဝပ်တွားခယတော့မည့် ဇာတ်လမ်းလေး တစ်ပိုဒ် အဖြစ်

အသွင်ပြောင်းသွားလိမ့်မည်ဟု ခံစားရသည်။

အနာခံမှ အသာစံရမယ် ...။

***

လျှန့်အန်းချီသည် နှုတ်ခမ်း သပ်လိုက်ရင်း ကိစ္စတွေကို သူမ အပြည့်အဝ လျှော့တွက်ခဲ့မိကြောင်း သဘောပေါက်လိုက်သည်။

သူမ ပိုက်ဆံတွေ အများကြီး ယူလာခဲ့သဖြင့် ရှယ်ယာ အများဆုံး ၂၀ % လောက်ထိ ဝယ်ယူနိုင်ပြီး ချီရှင်းရဲ့ အဓိက ရှယ်ယာရှင် တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့သည်။

ထို့ကြောင့် သူမ၏ မိခင်ကို အိမ် အနည်းငယ် ရောင်းပစ်ဖို့ တောင်းဆိုခဲ့ကာ မူလပိုင်ရှင်၏ စုဆောင်းထားသော ပိုက်ဆံများနဲ့ ပေါင်းစပ်လိုက်ပြီး ယွမ် သန်းတစ်ရာကို ယူလာနိုင်ခဲ့သည်။

အခုတော့ ကြည့်ပါဦး။ ထိုပိုက်ဆံတွေ အကုန်လုံးဟာ ၂ % ဆိုတဲ့ ရှယ်ယာ ပမာဏ နည်းနည်းလေး အတွက်သာ လုံလောက်သည်။ အဲဒါက သူမ အတွက် လက်ခံဖို့ မလွယ်ကူပေ။

***